


# သေနည်းကောင်း တရားတော်

၁၁

ဟောကြားသည့်နေ

၂၁ - ၁၁ - ၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၇) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0208

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသော

# သေနုည်းကောင်းတရားတော်

THITSARPARAMI LIBRARY
Date ........................

ဟောကြားသည့်နေ့
(၂၁-၁၁-၆၁)

စာမူခွင့်ပြုချက်အမှတ် - ၁၇၂(၉၂)(၄)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော

# သနည်းကောင်းတရားတော်

ဟောကြားသည့်နေ့ (၂၁-၁၁-၆၁)

## ဥဒ္ဓစ္စဆိုတာ

ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတာ မင်္ဂဉာဏ် ဖိုလ်ဉာဏ် တားတယ်လို့ မှတ်ရမယ်၊ ဥဒ္ဓစ္စဆိုတာ မသိဘဲနေမှာစိုးလို့ 'ဥဒ္ဓတသ ဘာဝေါ ဥဒ္ဓစ္စံ' ဆိုတဲ့အတိုင်း ထားရာ မနေဘဲ ပျံ့လွင့်တဲ့စိတ်ကို ဥဒ္ဓစ္စလို့ ခေါ်တယ်. . . (မှန်ပါ့) ဟိုဘက်ထွက်သွား ဒီဘက်ထွက်သွား အဲဒီထွက်သွားတဲ့ စိတ်ကို ဘာခေါ်ကြမယ် (ဥဒ္ဓစ္စပါဘုရား) ကောင်းပြီ၊ ဒါဖြင့် ဒါဟာ ဥဒ္ဓစ္စ. . . (မှန်ပါ့)။

## ကုက္ကုစ္စဆိုတာ

ကုက္ကုစ္စဆိုတာကတော့ ဒုစရိုက် ပြုပြီးတာကို ပြန်စိုးရိမ်တယ်၊ ငါမှားခဲ့တယ်၊ ကောင်းသောအလုပ်တွေ မလုပ်မိခဲ့တာလဲ

ငါမှားခဲ့တယ်။ မကောင်းတဲ့အလုပ်တွေ လုပ်မိတာလဲ . . . ငါမှား ခဲ့တယ် . . . ဆိုပြီး သူ့ဟာသူ စိုးရိမ်တဲ့ သောကကို ကုက္ကုစ္စလို့ မှတ်ထား . . . (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနှစ်ခုစလုံးကို တွဲ ဟောခြင်းသည် တစ်ခုဖြစ်ရင် တစ်ခုအဖော်ပါလာလို့လို့ မှတ် လိုက်ပါ (မှန်လှပါ) တွဲဟောတာ ဘာဖြစ်လို့ပါလိမ့် . . . (တစ်ခု ဖြစ်ရင် တစ်ခုအဖော်ပါလာလို့ပါဘုရား)။

တစ်ခုဖြစ်ရင် တစ်ခုအဖော်ပါလာတဲ့အတွက်တဲ့၊ ဒီဥစ္စာ တွဲပြီးသကာလ ဟောခြင်းသည် နဂိုကကိုက တွဲဖြစ်တတ်တဲ့ သဘောရှိလေသောကြောင့် ကုက္ကုစ္စနဲ့ ဥဒ္ဓစ္စတွဲရပါတယ် (မှန်ပါ့ ဘုရား)။

## မိုက်ခဲ့တာတွေ ပြန်မတွေးပါနဲ့

ကောင်းပြီ၊ ဒီလိုမှတ်ထားတော့ မနေ့က ကုက္ကုစ္စကိုပြော ခဲ့တယ် (မှန်ပါ့) ကုက္ကုစ္စဟာ ဥဒ္ဓစ္စထက် ဦးသန်းမောင် အရေး ကြီးတယ်မှတ်လိုက် (မှန်ပါ့ဘုရား) ခင်ဗျားတို့ဖြစ်စေ ဘုန်းကြီးတို့ ဖြစ်စေ၊ ဟို . . . နောက်က ဒကာမတွေဖြစ်စေ ငယ်ငယ်တုန်းက တော့ မသိခင်က မိုက်ကြတာပဲ . . . (မှန်ပါ့ဘုရား) စိတ်လိုက်မာန် ပါ လုပ်ဖူးတာတွေ အကုသိုလ်တွေကလဲ မနည်းလှဘူး . . . (မှန်ပါ့)။

ဒါကို တရားအားထုတ်နေတဲ့အချိန်မှာဖြစ်စေ၊ တရားအားမထုတ်ဘဲနဲ့ အခါမှာဖြစ်စေ ဘယ်အခါကာလမှ ပြန်မတွေးပါနဲ့. . . (မှန်ပါ့ဘုရား) ဖျောက်ပစ်ပါ. . . (မှန်ပါ့)။

တစ်ခု ကုသိုလ်တွေလုပ်မည့် ဥစ္စာကိုလဲ မလုပ်ရသေးဘူး၊ခက်သေးတယ်ဆိုတာ မလာစေနဲ့၊ မလုပ်ဖြစ်ဘူး၊ မလုပ်တော့ဘူး ဖြတ်ချ. . . (မှန်ပါ့) မပြီးသေးဘူး၊ မပြီးသေးတာဘဲတော်ပြီ၊ ဖြတ်ချ၊ မပြီးသေးလို့ခက်သေးတယ် မလာစေနဲ့. . . (မှန်ပါ့ဘုရား) မပြီးသေးလို့ ခက်သေးတယ် မလာစေနဲ့. . . (မှန်လှပါဘုရား) မပြီးသေးလို့ခက်သေးတယ် လာရင်ဖြင့် ကုက္ကုစ္စသွားဖြစ်တယ်. . . (မှန်ပါ့)။

## အလွန်ကြောက်စရာကောင်းတဲ့တရားနှစ်ခု

ဒါဖြင့် ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စသည် စိတ်ပျံ့လွင့်လို့ ဟိုဟာတွေပေါ်လာတယ်. . . (မှန်ပါ့) စိတ်မပျံ့လွင့်တဲ့ပုဂ္ဂိုလ်မှာ ကုက္ကုစ္စမပေါ်ဘူးလား (မှန်ပါ့ဘုရား) ဒါဖြင့် ဒီတရား နှစ်ခုသည် ဒကာဒကာမတွေ အလွန်ကြောက်စရာကောင်းတဲ့ တရားနှစ်ခုလို့ မှတ်ကြပါနော်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ ဥဒ္ဓတသဘာဝေါ ဥဒ္ဓစ္စံ-ဟော့၊ မင်းတို့ ထားရာမနေတဲ့စိတ် ဥဒ္ဓစ္စမှတ်၊ မကောင်းတာပြုပြီးတာကို စိုးရိမ်နေတာလဲ

ကုက္ကုစ္စမှတ်ပော့၊ ကောင်းတာကို မပြုလုပ်ရသေးလို့ သောက ရောက်နေတာလဲ ကုက္ကုစ္စပော့. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီ)။

## သေခါနီးမှာလာတတ်တယ်

အဲဒီတော့ ဒါတွေဟာ လူတိုင်းမှာရှိတတ်တဲ့ တရားလို့ ဦးသန်းမောင်တို့၊ ဦးသံဒိုင်တို့ မှတ်ရမယ် . . . (မှန်ပါ့ဘုရား)၊ ဘယ်အချိန်မှာ လာတတ်သတုံးလို့ မေးတဲ့အခါ သေခါနီးမှာ အာသန္နကံအဖြစ်နဲ့ လာတတ်တယ်. . . (မှန်ပါ့ဘုရား)။

သေခါနီးမှာ. . . (အာသန္နကံအဖြစ်နဲ့ လာတတ်ပါတယ် ဘုရား) သေခါနီးမှာ အာသန္နကံအဖြစ်နဲ့ လာတတ်တယ်လို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကမှတ်ထားပါ (မှန်ပါ့ဘုရား) အဲဒီလို အာသန္နကံလုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ တစ်သက်လုံး တရား အားထုတ် တစ်သက်လုံး ဒါနတွေပြု၊ သူကဝင်ပြီး အကျိုးပေး လိမ့်မယ် (မှန်ပါ့ဘုရား) မနစ်နာဘူးလား . . . (နစ်နာပါတယ် ဘုရား)။

## မလ္လိကာမိဖုရားကြီး

ယနေ့ ဝတ္ထုထုတ်ကြစို့တဲ့. . . မလ္လိကာမိဖုရားကြီး ဝတ္ထု . . . (မှန်ပါ့) မလ္လိကာမိဖုရားကြီးဆိုတာ ဒကာ၊ ဒကာမတွေ

မှတ်ထားပါ၊ ပသေနဒီကောသလမင်းကြီးရဲ့ ခင်ပွန်းမ မိဖုရားကြီး ပေါ့. . . (မှန်ပါ့ဘုရား)။

သူဟာ ဘယ်သူနဲ့မှမတူတဲ့ အသဒိသ အလှူကြီး လှူဖူးတယ်၊ ဘယ်သူနဲ့မှမတူဘူး (မှန်ပါ့ဘုရား) ဘုရားလက်ထက်မှာ အခမ်းအနားဆုံး၊ အကြီးအကျယ်ဆုံး၊ အကြီးအကျယ်ထဲမှာဖြင့် သူ့ထက်ကြီးကျယ်အောင် လှူနိုင်တဲ့အလှူ ရှိကိုမရှိဘူး (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီ အလှူကြီးဟာ အကျိုးပေးရတော့မယ်. . . လို့ ဦးသန်းမောင်တို့ ဦးသံဒိုင်တို့က အောက်မေ့မှာ (မှန်ပါ့ဘုရား)။

## မဟုတ်တာတွေ လိမ်မိတယ်

မပေးဘူးလို့ ဘုန်းကြီးက မဟောခဲ့ပါဘူး၊ ပေးမှာပါဘဲ ပေးပင်ပေးငြားသော်လဲ သူ့မှာ ကုက္ကုစ္စဝင်လာတယ် (မှန်ပါ့) ကုက္ကုစ္စဝင်လာတယ်၊ ရှင်ဘုရင်ကို လိမ်ပြစ်ကလေးတစ်ခု မသင်မသာ မိန်းမတို့ကြာနဲ့လှည့်ပြီး လိမ်လိုက်တယ် (မှန်ပါ့)။

အဲဒီလိမ်ပြစ်ကလေးက ဖြစ်လောက်တာလဲ မဟုတ်ဘူး ဖြစ်လောက်တဲ့အမှုသွားကလေးလဲမဟုတ်ဘူး၊ အဲဒီ အသဒိသဒါန အလှူကြီး လှူပြီးတော့ သေခါနီးကျတော့ သူက အာသန္နကံဖြစ်လာတယ်. . . (မှန်ပါ့) ရှင်ဘုရင်ကို ငါနှယ် မဟုတ်တာတွေ လိမ်မိတယ်. . . (မှန်ပါ့) ဒီအချိန်မှ ပေါ်လာတယ်. . . (မှန်ပါ့ သေခါနီးမှာ ပေါ်လာတယ်. . . (မှန်ပါ့)။

## အသဒိသဒါနအလှူကြီး

ပေါ်လာတော့ အသဒိသဒါန အလှူကြီးက ဆင်လှူ မြင်းလှူ နံ့သာတွေဆိုတာ မပြောပါနဲ့ လေ့နဲ့ကိုထည့်လှူတယ် (မှန်ပါ့)၊ ရဟန္တာတစ်ပါးဆင်တစ်စီး အပျိုတော်တွေ ခြံရံလို့ ယပ်တောင်တွေခပ်လို့၊ ဒီအထဲကမှ ကျွေးစရာမွေးစရာရှိရင် ဘုရင်ချည်းပဲ၊ တိုင်းပြည်နဲ့ ပြိုင်တာ သူက အနိုင်ယူတာပဲ. . . (မှန်ပါ့)။

## ရဟန္တာတွေကို လှူရတာ လယ်မြေကောင်း

ပြီးတော့ လှူတာ့ကလဲ ရဟန္တာချည်းပဲဆိုတော့ ဦးသန်း မောင် လယ်ကောင်းတွေပေ့ါဗျာ. . . (မှန်ပါ့) ရဟန္တာဆို တာ 'အနုတ္တရံ ပုညက္ခေတ္တံလောကဿ' လို့ဆိုတဲ့အတိုင်း လယ် ကောင်းတွေပဲ. . . (မှန်ပါ့) စိုက်လိုက်တာလဲ မျိုးစေ့ကောင်း တွေပဲ. . . (မှန်ပါ့)။

အင်မတန် အကျိုးပေးဖို့ ကောင်းပါတယ်လို့ . . . မောင်သစ်တို့ ဆုံးဖြတ်ချက်ချရမယ်. . . (မှန်ပါ့ဘုရား)။

## အသဒိသဒါနဆိုတာ

ဘုရားတစ်ဆူတစ်ဆူပေါ်မှ ဒီလိုအလှူမျိုး တစ်လှူ တစ် လှူပဲလှူနိုင်တယ်. . . (မှန်ပါ့) ဒိုပြင်အတုမရှိဘူး၊ ဒါကြောင့်

အသဒိသဒါန၊ အသဒိသတွင် အ-က မြစ်တယ်၊ သဒိသက တူတယ်၊ မတူအောင် လှူတယ်၊ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ အလှူကြီးဆိုရင်လဲ ဦးသန်းမောင် ငြင်းဖို့မလိုပါဘူး. . . (မှန်ပါ့-မလိုပါဘုရား)။

## အာသန္နကံဆိုတာ

အဲဒါ သေခါနီးကျမှ ရှင်ဘုရင်ကို မုသားကလေး သုံးမိတာကလေးက ဖျတ်ခနဲဝင်လာတယ်၊ ဖျတ်ခနဲဝင်လာတော့ သူက အာသန္နကံဖြစ်သွားတယ်၊ အာသန္န ကမ္မ အာသန္နကံစုတိနဲ့ နီးတာ၊ ကမ္မကအမှု အာသန္နကမ္မဆိုတဲ့ အာသန္နကံကလေးပေါ့ဗျာ. . . (မှန်ပါ့)။

ဒါကလေးက စုတိနဲ့ နီးတော့ စုတိပြီးပဋိသန္ဓေလာရမယ်။ မဂ်ဖိုလ်မရသေးတဲ့ ပုဂ္ဂိုလ်များမှာ. . . (မှန်ပါ့ဘုရား)။

အဲဒီ စုတိနဲ့နီးပြီးတော့ စုတိပြီး ပဋိသန္ဓေလာတော့. . . ပဋိသန္ဓေနဲ့လဲ နီးတယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အေး. . . ဒါကြောင့် သူ့ကိုအာသန္နကံလို့ ဒီနေ့ည ထူးထူးခြားခြား ပြောလိုက်တယ်. . . (မှန်ပါ့)။

## အဝိစိကျသွားတယ်

အဲဒီ အာသန္နကံကလေးဟာ ဝင်ပြီးတော့ နှောင့်ယှက်လိုက်တာ အသဒိသဒါနကြီးဟာ နေရစ်ရရှာတယ်၊ အဝီစိကျသွားတယ် (မှန်ပါ့ဘုရား)။

ကဲ. . . အသဒိသဒါနအလှူကြီးဟာ ဦးသန်းမောင် ကယ်နိုင်သေးရဲ့လား. . . (မကယ်နိုင်ပါဘုရား) မကယ်နိုင်ဘူး။

ဘာဖြစ်လို့ မကယ်နိုင်တာတုံးဆို ဟိုနဲ့သာနီးတယ်၊ အသဒိသဒါနက အလွန်ကြီးကျယ်တဲ့ ကံဟောင်းကြီးလုပ်ထားတာ ဒါကလေးက သေးသေးကလေး တစ်ခါတည်း ပြစ်မှားတယ် ဘယ့်နှယ်ကြောင့်တုံးဆိုတော့ သူက အဲဒါ ကုက္ကုစ္စသဘောနဲ့ ဝင်လာတယ်. . . (မှန်ပါ့ဘုရား)။

## ဒါနကမကယ်သာဘူး

ဩော်. . . ငါ့ဒီအပြစ်ကလေး ဒါကလေးကြောင့် ငါခက်တယ်ဆိုပြီး၊ ဒါကလေးကြောင့် ခက်တယ်ဆိုတဲ့ အလုံးကလေး ဝင်လာတယ် (မှန်ပါ့ဘုရား) ဒါနဲ့ အဝီစိကျတယ်။

. ကုက္ကုစ္စဆိုးပုံများ. . . (မှန်ပါ့) အသဒိသဒါနကြီး မကယ်သာဘူး. . . (မှန်ပါ့) ဘယ်လောက်နစ်နာသလဲ (နစ်နာပါတယ်ဘုရား)။ ဦးသံဒိုင် - ဘာကံတဲ့တုံး (အာသန္နကံပါဘုရား) မှတ်ထားပါ၊ နောက်က ဒကာ ဒကာမတွေ ဘယ်သူနှင့် နီးတာတုံးဆို

တော့ သေခါနဲ့ စုတိစိတ်နဲ့နီးတာ. . . (မှန်ပါ့) ပဋိသန္ဓေနဲ့လဲ နီးတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) စုတိနဲ့လဲ . . . (နီးပါတယ်) ပဋိသန္ဓေနဲ့လဲ. . . (နီးပါတယ်ဘုရား) ဒါကို ဘာကံခေါ်ကြမလဲ . . . (အာသန္နကံခေါ်ပါတယ်)။

## လှူခဲ့ရတာတွေ အကျိုးပေးခွင့်မရ

အာသန္နကံဆိုတော့ မှတ်ထားလိုက်ပါ၊ ဘယ်အချိန်လာတတ်သတုံးဆိုလို့ရှိရင် သေတော့မယ် စုတိစိတ် ရောက်ခါနီးမှ လာတတ်တယ်. . . (မှန်ပါ့) အင်မတန် ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

အဲဒီ အာသန္နကံနှိပ်စက်လိုက်တာ တိုင်းပြည်ကြီးပါချီ လှူခဲ့ရတာတွေ အကျိုးပေးခွင့်မရဘူး၊ သူကနေပြီး အရင်ဆုံး အကျိုးပေးချလိုက်တယ်၊ အကျိုးပေးချလိုက်တော့ အဝီစိကျခဲ့တယ် (မှန်ပါ့) မနာဘူးလား. . . (နာပါတယ်ဘုရား)။

ဒါနဲ့ ရှင်ဘုရင်ကလဲ သူ့မိဖုရားကြီး မြတ်နိုးတာက တစ်ကြောင်း၊ သူကဒါကို အကြံဉာဏ်ပေးလို့ ဒီအလှူပွဲကြီး အထမြောက်ရတာလဲ တစ်ကြောင်းဆိုတော့ သူ့ခင်ပွန်းမ ကောင်းရာသုဂတိတော့ပါသွားပေါ့လို့သူက ဆုံးဖြတ်ချက်ချလိုက်တယ်. . . (မှန်ပါ့)။

## ပသေနဒီကောသလမင်းကြီး

သူက ဆုံးဖြတ်ချက်ချတာက ကောင်းရာသုဂတိသွားတယ်။ ဒီလိုဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ) ပသေနဒီ ကောသလမင်းကြီးက (မှန်ပါ့)။

သူထင်နေတာကတစ်မျိုး ဟိုဖြစ်နေတာက တစ်မျိုးလို့ ဒကာ ဒကာမတွေ မှတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နေ့တိုင်းလို နန်းတော်သို့ ဆွမ်းခံမလာဘူးဗျ. . . (မှန်ပါ့) ဘုရားကမကြွဘူး (မှန်ပါ့) ကြွရင် သူ့ခင်ပွန်းမ ဘယ်ဘုံရောက်နေသတုံးဘုရာ့ သူကလဲ မေးမှာ. . . (မှန်ပါ့) ဘုရားကလဲ ခင်ဗျားတို့ သိတဲ့ အတိုင်းဘဲ ဝစီကံ နောက်ကနေပြီးသကာလ မနောကံကလဲ အမြဲ လိုက်တယ်၊ ဝစီကံကလဲအမှန်ပြော၊ မနောကံကလဲ အမှန်နှလုံးသွင်း ဉာဏာနုပရိဝတ္တံဆိုတဲ့အတိုင်း ခင်ဗျားတို့ရတဲ့အတိုင်းတဲ့ 'သဗ္ဗံ ဝစီကမ္မံ ဉာဏာနုပရိဝတ္တံ' ဉာဏ်သို့ အစဉ်လိုက်တယ် (မှန်ပါ့) မနောကံကလဲ ဉာဏ်နဲ့တစ်ခါတည်းလိုက်တယ်. . . (မှန်ပါ့) မနောကံကလဲ အမှန်ပြောတယ်၊ ဉာဏ်ကလဲ အမှန် လိုက်တယ်. . . (မှန်ပါ့)။

အဲဒီတော့ သူ့ဝါဒလဲ ဘုရားဖြစ်တဲ့ဥစ္စာ နိယာမသဘောတွေ သင့်နေတော့ ဖျက်ဆီးလို့မရပါဘူး၊ ဒါနဲ့ နန်းတော်ထဲ မကြွဘဲနေတယ်. . . (မှန်ပါ့) ခုနစ်ရက်မကြွဘဲနေလိုက်တယ်၊ ခုနစ်

ရက်ခံရမှာကိုး အဝီစိမှာ . . . (မှန်လှပါ) အာသန္နကံက အကျိုး ပေးလိုက်တာနော် (မှန်ပါ့)။

## မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့ မကြွတာ

အင်း - နန်းတော်ထဲသာ နေ့တိုင်းဆွမ်းခံကြွမယ်ဆိုလို့ရှိ ရင်ချက်ချင်းကောက်မေးမယ်၊ ကောက်မေးရင် အဝီစိမှာလို့ပဲ ပြောရမယ် (မှန်ပါ့) အဝီစိမှာလို့ ပြောလိုက်လို့ရှိရင်လဲ လှူတာ တွေ အလကားပဲဟော့. . . လို့ ရှင်ဘုရင်က ဆုံးဖြတ်ချက်ချမယ်။

ကဲ. . . ဒီလောက် လှူခဲ့ရတဲ့အလှူကြီး အဝီစိကျတယ် ဆိုရင် ဒီလောက်လှူတဲ့ အလှူပေးပုဂ္ဂိုလ် အဝီစိကျတယ်ဆိုရင် သူပါ မိစ္ဆာဒိဋ္ဌိဖြစ်တော့မယ်. . . (မှန်ပါ့ဘုရား) ဒါ့ကြောင့် မကြွဘဲ နေလိုက်တာ။

ကဲ. . . ဦးသန်းမောင် ဘုရားတောင်မကြွဘူး၊ မကြွတာ က ရှင်ဘုရင့် မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့ (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံး . . . (ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့ပါဘုရား) ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိ ဖြစ်မှာစိုးလို့ မကြွတာ. . . (မှန်ပါ့)။

## ခုနှစ်ရက်စေ့တော့ နတ်ပြည်တက်သွားတယ်

နောက်. . . ခုနစ်ရက် စေ့တဲ့အခါကျတော့ နတ်ပြည် တက်သွားတယ်၊ အဲဒီ နတ်ပြည်တက်သွားတော့ ဘုရားက အဘိညာဉ်နဲ့ကြည့်လို့ နတ်ပြည်ရောက်သွားတယ်လို့သိတော့မှ နန်းတော်သို့ကြွတယ်၊ ကောက်မေးလိုက်တာပဲ တစ်ခါတည်း

အရှင်ဘုရား တပည့်တော်ရဲ့ မလ္လိကာမိဖုရားကြီးဟာ ဘယ် ရောက်နေသတုံး. . . ဟာ နတ်ပြည် ရောက်နေပြီ ဒကာကြီး၊ အဲဒီကျမှသွားတယ်၊ ခုနစ်ရက်မသွားဘူး၊ ဒီ့ပြင်နေရာမှာ ဆွမ်းခံ စားရတယ်၊ ဒီနန်းတော်ထဲ ဆွမ်းခံမစားဘူး။

ဘာ့ကြောင့်တုံးဆိုတော့ ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့ (မှန်လှပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## ကုက္ကုစ္စဉာဏတခြား၊ ဒါနကတခြား

ခင်ဗျားတို့က သိပြီးသားဖြစ်နေတယ်၊ ဟိုဟာက ဟိုဟာ ဒီဟာက ဒီဟာ၊ ဒါတခြားစီလို့ ခင်ဗျားတို့ကမှတ်. . . (မှန်ပါ့ ဘုရား)။

ကုက္ကုစ္စ . . . ကုက္ကုစ္စ တခြား မဟုတ်ဘူးလား. . . (မှန်ပါ့) အသဒိသဒါနက. . . (တခြားပါဘုရား)။

သို့သော် သူက ဘာဖြစ်လို့ အရင် အကျိုးပေးပစ်လိုက် သတုံး နတ်ပြည်အကျိုးမပေးနဲ့ဆိုတော့ ကုက္ကုစ္စဖြစ်လို့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

ဘာတဲ့တုံး. . . (ကုက္ကုစ္စဖြစ်လို့ပါ) ကုက္ကုစ္စအာသန္နကံ လာဖြစ်တယ်. . . (မှန်ပါ့) ကုက္ကုစ္စဇောစောတာ၊ ကြောက်စရာ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

အဲဒီတော့ အခုဘုန်းကြီးဆုံးမတာ ခင်ဗျားတို့မှတ်ထား ပါ။ အကုသိုလ်ဟူသရွေ့ နောက်က ဘယ်လို မိုက်ခဲ့ မိုက်ခဲ့ ပြန်မ တွေး နဲ့ (မှန်ပါ့ဘုရား) တွေးရင်မိုက်တာပဲ၊ ကုက္ကုစ္စဖြစ်မယ်. . .။

မပြုရသေးတဲ့ ကုသိုလ်ဟူသရွေ့ကိုလဲ ပြန်ပြီးသကာလ ခင်ဗျားတို့ လွမ်းဆွတ်သောကဗျာပါရဖြစ်မနေနဲ့. . . (မှန်ပါ့) ငါကွာ သူများလိုတို့ ဆရာဘုန်းကြီးရွေပြားမကပ်ခဲ့ရတာ မကျေ နပ်ဘူးကွ လို့ မလုပ်နဲ့ (မှန်ပါ့) ဘာမှမတွေးနဲ့. . . (မှန်ပါ့)။

## သေရင်ဖြစ်ပျက်ရှုပြီး သေရုံပဲ

အခု လုပ်နေတဲ့ ဆရာဘုန်းကြီး ပေးတဲ့ဖြစ်ပျက်ကိုသာ ခင်ဗျားတို့က သေတဲ့အခါ နှလုံးသွင်း. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) သေလဲ ဒီဖြစ်ပျက်ကိုရှုပြီးသေရုံပဲ. . . (မှန်ပါ့)။

ဖြစ်ပျက်ရှုပြီး သေလိုက်လို့ရှိရင် သေတဲ့အချိန်မှာပဲ. . . သောတာပန် သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်သေးတယ်. . .။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပြီးမှ ရှုပြီးသေ လိုက်ဦးမယ်လို့ဆိုရင်သေခါနီးမှာ ရဟန္တာဖြစ်သေးတယ်. . . ။

## မပြုရသေးတဲ့ကုသိုလ်တွေလဲမတွေးနဲ့

ဒီတော့ ဦးသံဒိုင် ဆရာသမားက အရေးကြီးတာ ဆုံးမ ပြီဆိုတာမှတ်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား) အရေးကြီးတာကို (ဆုံးမပါပြီဘုရား) ပြုပြီး အကုသိုလ်တွေကို တွေးရမှာလား မတွေး

ရဘူးလား . . . (မတွေ့ရပါဘုရား) တွေ့ရင် ကုက္ကုစ္စဖြစ်တာပဲ. . . (မှန်ပါ့) မပြုရသေးတဲ့ ကုသိုလ်တွေကို တွေ့ရင်လဲ. . . (ကုက္ကုစ္စပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေကပြုပြီးသား အကုသိုလ်တွေကိုလဲ တွေးလုံး ဘယ်အခါမှ မထုတ်ပါနဲ့ဆိုတာ တားမြစ်တယ်. . . (မှန်ပါ့) မပြုရသေးတဲ့ကုသိုလ်တွေကိုလဲ မပြုရသေးဘူးဆိုတဲ့ ကုက္ကုစ္စသောက မလာပါစေနဲ့ (မှန်လှပါ) ကိုယ်လုပ်မြဲအလုပ်သာ ပဓာနထားပါ၊ ရှင်းပလား. . . (ရှင်း ပါပြီ) ဘာကို ပဓာနထားရမလဲ (ကိုယ်လုပ်မြဲအလုပ်ကို ပဓာန ထားရပါမယ်)။

## သာမညဆရာသမား

လုပ်မြဲအလုပ်ဆိုတာကလဲ သာမညဆရာသမားကတော့ ဦးသံဒိုင်တို့ကို ဟောလိမ့်မယ်၊ သာမည အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဦးသန်းမောင်တို့ကို ဟောမှာပဲ. . . မင်းကွာ ရွှေဆံတော်မှာ တန်ဆောင်းသုံးခု လုပ်ထားတယ်၊ အဲဒါ သေခါနီးမှာ မရ-ရအောင် ဖတ်ကွ၊ သူပြောချင် ပြောလိုက်လိမ့်မယ်၊ ဒါတွေပေါ် အောင်တွေးကွ၊ စာဂါနုဿတိကို သူဟောမယ်. . . (မှန်ပါ့)။

အဲဒါ ဘာဟောတာလဲ. . . (စာဂါနုဿတိပါဘုရား) သမထကို ရွေးဟောတယ်. . . (မှန်ပါ့) အနုဿတိဆယ်ပါးဆိုတာ သမထပဲ (မှန်ပါ့)။

ဟာ ဒမ္မီမှာ သိမ်ကြီးတစ်ခု ဆောက်ထားတယ်၊ မင်းကုသိုလ်မလွတ်စေနဲ့နော်ဆိုတာ ဦးသန်းမောင်ကြားဖူးချင်လဲကြားဖူးလိမ့်မယ် (ကြားဖူးပါတယ်ဘုရား)။

ကြားဖူးပါတယ်၊ သာမညဆရာနဲ့တွေ့ရင် ဒါဟောလိမ့်မယ်ဆိုတာ သိပြီးသားနော်. . . (မှန်ပါ့)။

ဒါဘာတုံးဆိုတော့ကိုယ်စွန့်ထားတာ အောက်မေ့တာ စာဂါနုဿတိခေါ်တယ်။ အဖိုးမတန်လှသေးပါဘူး ရှင်းပလား . . . (ရှင်းပါပြီ)။

## အောက်တန်းကျတယ်

ကောင်းပါပြီ ဒါဖြင့် ကာမမှာ အဆောက်အဦတစ်ခု လှူဒါန်းထားတယ်၊ တန်ဆောင်းတစ်ခုလှူဒါန်းထားတယ်၊ ပုပ္ပါးတောင်မှာ တန်ဆောင်းတစ်ခုလှူဒါန်းထားပြန်တယ်၊ ဒါတွေ မပျောက်စေနဲ့နော် သေခါနီး ဒါကိုစွဲကွ၊ ဒီလိုပဲ ဟောကြမှာပဲ (မှန်ပါ့)။

ဘာဟောတာတုံးဆိုတော့ ဦးသံဒိုင်က ဆုံးဖြတ်ချက်ချ (စာဂါနုဿတိ ဟောတာပါဘုရား) သမထလား၊ ဝိပဿနာလား (သမထပါဘုရား)။

'ဒါ ဘာလုပ်ဖို့တုံး ဒီဥစ္စာ မဟုတ်ဘူး . . . (မှန်ပါ့) အောက်တန်းကျတယ် ဒီဟာ . . . (မှန်ပါ့)။

## သေခါနီးမှာတရားနှလုံးသွင်းပါ

ဘာမှမအောက်မေ့နဲ့ . . . တဲ့၊ ဒီခန္ဓာကိုယ်ကြီးကို ဖြစ်ပျက်ဒုက္ခသစ္စာ အောက်မေ့လို့ရှိရင် သေခါနီးမှာ တရားနာပြီး ခန္ဓာ နှလုံးသွင်းလိုက်လို့ရှိရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကျအောင်တည်တတ်တယ် . . . (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် တည်ပါလိမ့်မလဲလို့ ခင်ဗျားတို့မေးဖို့ မလိုဘူး လား. . . (လိုပါတယ်ဘုရား)။

ရေနစ်နေတဲ့လူတစ်ဦးတစ်ယောက်ဟာ ကမ်းနားလဲ မြင် နေရပြီဆိုလို့ရှိရင် အားကုန် ကူးမလား မကူးဘူးလား. . . (ကူး ပါတယ်ဘုရား) ဘာပြုလို့တုံး၊ ကမ်းနားမြင်လို့၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ထို့အတူပဲတဲ့ ဒီမရဏရေထဲမှာ သူနစ်နေတယ်၊ ငါတော့ မုချသေရတော့မှာပဲ ဆိုတာသိတယ်၊ အဲဒီအချိန်မှာ သိပ်တည် ကြည်တယ်၊ ဒီဖြစ်ပျက်မှတစ်ပါး ငါ့မှာ ကိုးစားစရာမရှိဘူး၊ ဒီလိုကို

သူဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ့ဘုရား) အရင် ဝီရိယနဲ့ တူပါ ဦးမလား. . . (မတူပါဘုရား)။

ခင်ဗျားတို့က အခုတော့ ညောင်းတယ်ဆို ထချင်ထသွား မှာ မဟုတ်ဘူးလား (မှန်ပါ့) အင်း. . . ကျင်ကြီးစွန့်ချင်တယ်ဆို ရင်တော့ (ထပါတယ်ဘုရား) ကျင်ငယ်စွန့်ချင်တယ်ဆိုရင်ကော (ထပါတယ်ဘုရား) ဧည့်ထူးလာတယ် ဆိုရင်ကော (ထပါတယ် ဘုရား)။

## ပြင်းပြသောဝီရိယနှင့်ကြိုးစားပါ

အခုတော့ဝီရိယကပျော့တယ်. . . (မှန်ပါ့) ဟိုမှာတော့ ငါမုချဒီတောင်က မလွတ်တော့ဘူးဆိုတာသိတော့ အားထုတ်ရာ ကျတော့ ဒါမှတစ်ပါး မရှိဘူးဆိုပြီးသကာလ ဝီရိယမှာပြင်းပြစွာ သော ဝီရိယဖြင့် ကြိုးစားလိုက်ရင်သေခါနီးမှာ ရဟန္တာဖြစ်တယ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်တယ် (မှန်ပါ့ဘုရား)၊ ကဲ မကွာဘူးလား. . . (ကွာပါတယ်ဘုရား)။

## အကုသိုလ်အာသန္နကံ

အဲဒီတော့ သေခါနီးမှာ အာသန္နကံဖြစ်အောင်လုပ်ပါ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ) ခုနင်က မလ္လိကာမိဖုရားကြီး အာသန္နကံဖြစ်တာက အကုသိုလ်အာသန္နကံဝင်လာတာ (မှန်ပါ့)

ဘုန်းကြီး အခုဆုံးမတာက ဝိပဿနာကုသိုလ် အာသန္နကံဆို ပါတယ် (မှန်ပါ့ဘုရား)။

## ကုသိုလ်အာသန္နကံ

ဒါဖြင့် ဘယ်ဟာ အသုံးချကြမယ် . . . (ကုသိုလ် အာသန္နကံ အသုံးချပါမယ်ဘုရား) ကုသိုလ်အာသန္နကံကို အသုံး ချပါလို့ ခုနင်က သာမည အနုဿတိ ဟောထားတဲ့ စာဂါနုဿ တိ ဟောထားတဲ့ ဆရာသမားဟာ အောက်တန်း အင်မတန်ကျ တယ်လို့ မှတ်ပါ. . . (မှန်လှပါဘုရား)။

နိဗ္ဗာန်ရမည့်ဥစ္စာကို ဖြဟ္မာပြည်ပို့နေသော အရှင်သာရိ ပုတ္တရာ တရားဟောသွားသလို ဖြစ်နေတယ် . . . (မှန်ပါ့ဘုရား) မနေ့ကပြောခဲ့တယ်. . . (မှန်ပါ့)။

## ဓနဉ္စာနိပုဏ္ဏားကြီး

အရှင်သာရိပုတ္တရာ **ဓနဉ္စာနိ**ပုဏ္ဏားကြီး တရားဟော တာ တရားဟောညံ့တယ်လို့ ဘုရားကအပြစ် တင်တယ်၊ ရဟန္တာ ဖြစ်ရမည့် ပုဂ္ဂိုလ်ဟာ ဗြဟ္မာဖြစ်နေတယ် ရှင်းပလား. . . (ရှင်း ပါပြီ)။

အဲဒီတော့ ဒီအရေးဟာလဲ အခုဦးသန်းမောင်တို့ကိစ္စ ဦးသံဒိုင်တို့ ကိစ္စတွေကလဲ ရှိကြသတဲ့. . . (မှန်ပါ့) ရှိကြတော့

ဒီအရေးဟာ ဩော်. . . ဒုက္ခခပ်သိမ်းငြိမ်းမည့်ဆီတော့ မပို့ဘဲနဲ့ ဒုက္ခရောက်တဲ့ဆီ ပို့လိုက်သလိုဖြစ်နေတယ်. . . (မှန်ပါ့ဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

ဒုက္ခခပ်သိမ်းငြိမ်းမည်ဆီတော့. . . (မပို့ဘဲနဲ့) ဒုက္ခရောက်မည့်ဆီတော့. . . (ပို့ပါတယ်ဘုရား) ဒါဖြင့် ဒီဟာထက် နစ်နာတာကော ရှိသေးသလား. . . (မရှိပါဘုရား)။

သို့သော်. . . သူ့ဉာဏ်က ဒါမှဆုံးတယ်ပြောတော့ ခင်ဗျားတို့ကလဲ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့) ဉာဏ်သည် လမ်းခုလပ်မှာဆုံးတယ်၊ ရှင်းပလား. . . (ရှင်းပါပြီ) အဆုံးတိုင်အောင် သွားရမှာ . . . ပေါ်ပြီနော်. . . (ပေါ်ပါပြီ)။

## ဝိပဿနာကုသိုလ်အာသန္နကံ

အင်း . . . ဘာလုပ်ကြရမယ်. . . (ဖြစ်ပျက်ရှုရပါမယ်) ကုသိုလ်အာသန္နကံဆိုပေမယ့် ဟိုကုသိုလ်တွေမလိုချင်ဘူး. . . (မှန်ပါ့) မလိုချင်ဘူး၊ ဟိုကုသိုလ်တွေက စာဂါနုဿတိသွားဦးမှာ ချည်းပဲ (မှန်ပါ့) ဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရပါမယ်)။

အေး. . . တစ်ခါတည်းကုသိုလ် အာသန္နကံအစစ်ဖြစ်အောင် ဝိပဿနာရှုပါ. . . (မှန်ပါ့) အဲဒါရှုသေလိုက်မယ် ဆိုလို့ရှိရင် သေခါနီးမှာလဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နိုင်တယ်. . . (မှန်ပါ့) အနာဂါမ်ဖြစ်ပြီးမှ သေခါနီး မှာ ရှုလိုက်ဦးမယ်

ဆိုရင် ရဟန္တာဖြစ်ပြီးသေနိုင်တယ်. . . (မှန်ပါ) ဘာကြောင့်တုံး . . . ဝီရိယ ဆန္ဒပြင်းပြတဲ့အချိန်ရောက်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါဘုရား)။

ဝီရိယဆန္ဒ ဒီအချိန်မှာ ဘယ်သူလျှော့ဦးမယ် ထင်သတုံး (မလျှော့ပါဘုရား) မလျှော့ဘူး၊ အားကုန်ပဲ ကြိုးစားကြလိမ့်မယ် ဆိုတာ အားလုံးတရားနာတဲ့ ပရိသတ်တွေက ကိုယ်ဖြစ်ရမည့် ကိစ္စကို လှမ်းဟောထားတယ် ဆိုရင်လဲ မှန်တာပဲ. . . (မှန်ပါ)။

ဖြစ်ရမည့်ကိစ္စဆိုတာ လူတိုင်းကိစ္စ. . . (မှန်ပါ) ဒါ တစ်ယောက်တည်းနဲ့ ဆက်ဆံတာလား၊ အများဆက်ဆံတာလား (အများဆက်ဆံတာပါဘုရား) သေရမှာလား၊ မသေရဘူးလား (သေရမှာပါဘုရား)။

## ဖဂ္ဂုဏမထေရ်

သေရမှာဆိုတာ သိပြီးသကာလ နေလို့ ဦးသန်းမောင် ဒကာ ဒကာမတွေ အရုပ်ဆိုးမှာစိုးလို့ အကိုးအကားလုံလောက်ပါတယ်ဆိုတာ **ဖဂ္ဂုဏမထေရ်**ဝတ္ထုပေါ်ပလား. . . (ပေါ်ပါပြီ)။

ဖတ်ဖူးတယ်မဟုတ်လား (မှန်ပါ)အဲ. . ဖဂ္ဂုဏမထေရ် နဂိုက ပုထုဇဉ်၊ နောက်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

၁။ ငါဘုရားတရားနာရမည်ဖြစ်စေကွ။

၂။ ငါ၏တပည့်သား တရားနာရ မည်ဖြစ်စေကွ။

၃။ ကိုယ်ရသည့်တရား နှလုံးသွင်းသည်ဖြစ်စေကွ။ ဒီသုံးချက် တစ်ချက်ချက်မိလို့ရှိရင် ပုထုဇဉ်တောင်မှ သေခါနီးမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နိုင်တယ်ကွ၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေ ယနေ့ ပေးလိုက်တဲ့ သတိသည် ကုက္ကုစ္စသတ်တဲ့ သတိနော် (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီ) ဘာသတ်တာတုံး. . . (ကုက္ကုစ္စသတ်တာပါဘုရား) အာသန္နကံဖြစ်တတ်တဲ့ ကုက္ကုစ္စကို သတ်ပေးလိုက်တာ (မှန်ပါ့) အာသန္နကံဖြစ်တတ်တဲ့ ကုက္ကုစ္စကို သတ်ပြီးသကာလတဲ့ မဂ်သွင်းပေးလိုက်တာ (မှန်ပါ့)။

ကဲ. . . ဦးသန်းမောင် ဘယ်လောက်အဖိုးတန်သလဲ (တန်ပါတယ်ဘုရား) အင်မတန်အဖိုးတန်တယ်ဆိုတာ မပေါ်ကြသေးဘူးလား (ပေါ်ပါပြီဘုရား)။

## အောက်တန်းဆရာစကားကို မယုံပါနဲ့

အဲဒီတော့ကို မနေ့ကပြောခဲ့တဲ့ အောက်တန်းဆရာစကားကို ဦးသန်းမောင်တို့ဖြစ်စေ ဦးသံဒိုင်တို့ဖြစ်စေ နောက်က ဒကာဒကာမတွေဖြစ်စေ ယုံကိုမယုံနဲ့ နော်. . . (မှန်လှပါ

ဘုရား) ယုံကိုမယုံနဲ့ သူတတ်သလောက် ဟောထားတာ (မှန်ပ့ါ) လမ်း မဆုံးသေးဘူး (မှန်ပ့ါ)။

ဘာနဲ့တူသတုံးဆိုတော့ **မနဥ္စာနီ ပုဏ္ဏားကြီး** အရှင်သာရိပုတ္တရာ တရားဟောညံ့တာနဲ့ ရဟန္တာဖြစ်မှာကို ဗြဟ္မာ အလုပ် ခိုင်းတာ (မှန်ပ့ါ) မနာဘူးလား (နာပါတယ်ဘုရား)။

ဗြဟ္မာဆိုတာ အိုဘေးသေဘေးက ကျန်ဦးမယ်. . . (မှန်ပ့ါ) ကဲ - ဦးသန်းမောင် မနာဘူးလား. . . (နာပါတယ်ဘုရား) ဒါဘယ်သူညံ့တာတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ (ဆရာညံ့ တာပါဘုရား)။ ဒါဖြင့် တစ်ပဲတန်လျှုလျှု တစ်မူးတန်လျှုလျှု သြော် . . . ဆရာညံ့လို့ရှိရင်ဖြင့် ဝဋ္ဋဖြစ်မှာပဲ၊ ဆရာကောင်းဖြစ်ရင် ဝိဝဋ္ဋဖြစ်မှာပဲ. . . (မှန်ပ့ါ)။ ဒီနေ့ ရှင်းပြပြီ၊ ဒီနေ့ရှင်းပြတာ ပေါ်ကြတယ် မဟုတ်လား (ပေါ်ပါတယ်ဘုရား)။

## သစ္စာမြင်ပြီးလှူရင်မဂ္ဂသစ္စာ

အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရကုသိုလ်ဆိုရင် သမုဒယသစ္စာကွ (မှန်ပ့ါ) ကဲ-ဦးသံဒိုင် နေရာကျပလား (မှန်ပ့ါဘုရား)။

အဝိဇ္ဇာချုပ်ပြီးသကာလ လှူတဲ့အလှူကျတော့ သစ္စာမြင်ပြီး လှူတဲ့အလှူမျိုးဆိုတော့ ဝိဇ္ဇာနဲ့ လှူတာဖြစ်တော့ မဂ္ဂကွ (မှန်ပ့ါဘုရား) ဒီနေ့ တော်တော်ရှင်းပြပြီ၊ . . . (မှန်ပ့ါ) သဘောပါပလား (ပါ-ပါပြီ)။

ဒါဖြင့် သမုဒယသစ္စာကို ကျုပ်တို့ ဆရာဘုန်းကြီးက မဂ္ဂသစ္စာ ပြောင်းလိုက်တယ် (မှန်ပါ့ဘုရား) ဒုက္ခသစ္စာကို နိရောဓပြောင်းပေးတယ်ဆိုတော့ ဒီအဝိုင်းကြီးလဲ ဟိုကျတော့ အသုံးချပါ၊ ကုဏ္ကုစ္စသည် ဒကာဒကာမတို့ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) အင်မတန် ကြောက်စရာ ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ် ယနေ့ ရှင်းသွားပါပြီ (မှန်ပါ့)။ ဘယ်ကံအဖြစ်နဲ့ သူဝင်တိုးလိုက်တာတုံး (အာသန္နကံပါဘုရား)။ အာသန္နကံအဖြစ်နဲ့ ဝင်တိုးလိုက်တယ် . . . ကောင်းပြီ၊ ဒီ အာသန္နကံဆိုတာ ဘယ့်နှယ်ဗျာ ဒကာသစ်တို့ အမြဲမပြတ်ဘဲ သွားသိစားသိဆိုတဲ့ ဖြစ်ပျက်တွေသိပြီး တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်ပဲ မင်္ဂဉာဏ်ဖိုလ်ဉာဏ်သာ မရသေးတာ ဒါတွေအကျိုး မပေးဘဲနဲ့ ဘယ့်နှယ်ကြောင့် အပါယ်ကျသွားပါလိမ့်မတုံး မေးတဲ့ အခါကျတော့ အို . . အာသန္နကံဒီလိုပဲပေါ့ ဆိုတာ ဋီကာကျော် က ပြလိုက်တယ်။

## နွားပျို နွားအို ဥပမာ

ဘယ်လိုပြလိုက်သတုံး မေးတဲ့အခါကျတော့ နွားခြံကြီး တစ်ခြံရှိတယ် . . . တဲ့၊ ညနေကျတော့ နွားတွေ မောင်းသွင်း လိုက်တယ်၊ နွားကျောင်းသားကတော့ သူ့အိမ်ပြန်ရမှာ အံခစား

ကျောင်းတယ် (မှန်ပါ့) ဒီတော့ ဦးသန်းမောင် နွားတွေကို အတင်း ရိုက်သွင်းတယ် သူအိမ်ပြန်ဖို့ အရေးကြီးတာကိုး (မှန်ပါ့ဘုရား)။

အတင်းရိုက်သွင်းတော့ ပျိုတဲ့နွားကတော့ ပြေးနိုင်တာပေါ့ ခြံထဲရောက်အောင် မဟုတ်ဘူးလား (မှန်ပါ့) အိုတဲ့ နွားကတော့ နဂိုကမှ အိုနေ ရတဲ့အထဲမှာ ဦးသံဒိုင် ဘယ်နည်း နဲ့မှ မသွားနိုင်ဘူး၊ မှန်မှန်ပဲ သွားမှာပဲနော် (မှန်ပါ့)။

မှန်မှန်ပဲ သွားရတော့ နွားခြံကလဲ နွားအပြည့်ရှိတဲ့ ခြံဆိုတော့ အင်း . . . နွားအိုကြီးတွေဟာ ဝင်ပေါက်ဝ အိပ်ရမှာပဲ . . . (မှန်ပါ့ဘုရား) ဒို့ပြင် နွားတွေကျတော့ . . . အရိုက်သန်လို့ ကြောက်တာနဲ့ပဲ ခြံလယ်ရောက်ခြံဘေးရောက်ပေါ့ဗျာ . . . (မှန်ပါ့) ဝင်ပေါက်ဝနားတော့ သူတို့မရှိပါဘူး (မှန်ပါ့)။

## ခြံပေါက်ဝမှာနွားအိုတွေ

နွားအိုကြီးတွေက ဘယ်ရောက်နေသလဲ (ခြံပေါက်ဝနား မှာပါဘုရား) ရှင်းပလား (ရှင်းပါပြီ) ဘာပြုလို့ ဝင်ပေါက်ဝအိပ် ရသတုံးဆိုတော့ သူများနဲ့ မတူလို့ . . . (မှန်ပါ့) မဟုတ်ဘူးလား (မှန်ပါ့) သူက ပျိုမှ မပျိုတော့ဘဲ အိုသွားပြီ (မှန်ပါ)။

သို့သော် မနက်ကျတော့ နွားတွေကို ထုတ်တော့မယ် ဆိုတော့ ဘယ်သူအရင်ထွက်မတုံး ဆိုတဲ့အမေး မေးကြည့်စမ်း၊ ဘယ်သူက အရင်ထွက်မလဲ (နွားအိုကြီးတွေက အရင်ထွက်မှာ ပါဘုရား)။

ဘာဖြစ်လို့တုံး ခြံပေါက်ဝနဲ့ နီးလို့ ရှင်းပလား (ရှင်းပါပြီ) ဘာဖြစ်လို့ အရင်ထွက်ရမှာလဲ (အပေါက်ဝရောက်နေလို့ပါဘုရား) သဘောပါပလား (ပါပါပြီ)။

ထို့အတူပဲ ကုက္ကုစ္စက သေပေါက်ဝနဲ့ သွားနီးတယ် (မှန်ပါ့ဘုရား) ဒါကြောင့် အရင်အကျိုးပေးပစ်လိုက်တယ် (မှန်ပါ့) နွားအိုကြီးအရင်ထွက်သလို မနက်ကျတော့ နွားအိုကြီး ထွက်ရသလိုပဲ (မှန်ပါ့)။

## အာသန္နကံသည် သေပေါက်ဝနဲ့နီးတယ်

သူကလဲ သေပေါက်ဝနဲ့နီးတော့ သူကအရင် အကျိုးပေးတယ် (မှန်ပါ့) ကဲ-ဘယ်လောက် ကြောက်စရာကောင်းသလဲ (ကောင်းပါတယ်ဘုရား)။

ဥပမာနဲ့ကော သဘောကျပလား (ကျပါတယ်ဘုရား) နွားအိုကြီးတွေ ဘယ့်နှယ်ကြောင့် မနက်စောစော အရင်အပြင်ထွက်ပါလိမ့် (ခြံပေါက်ဝနဲ့ နီးလို့ပါဘုရား)။

သူကနီးတယ်၊ သူတို့က ထွက်ပြီးမှ ဟိုနွားပျိုတွေက ထွက်နိုင်မှာကိုး (မှန်ပါ့ဘုရား) သူတို့ကပိတ်ပြီး အိပ်နေတာကိုး . . . (မှန်ပါ့) သဘောပါပလား . . . (ပါပါပြီ)။

ဒါဖြင့် အာသန္နကံသည် ဘာအဝ၌နေသတုံး (ခြံပေါက်ဝ၌ နေပါတယ်ဘုရား) အဲ . . . သေပေါက် သေဝလို့ ပြင်လိုက်

(မှန်ပါ့ဘုရား) သူက သေပေါက် သေဝနဲ့နီးတယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

## အရင်လုပ်ထားတဲ့ကံက အာစိဏ္ဏကံ

ဒါဖြင့် အကျိုးပေးတော့ ဘယ်သူက အကျိုးပေးမလဲ (သူက အကျိုးပေးပါမယ်) သူက အကျိုးပေးမယ် နွားအိုကြီး အရင်ထွက်သလိုပဲ . . . (မှန်ပါ့) သူက အရင်အကျိုးပေးမယ်။ ရှင်းပလား . . . (ရှင်းပါပြီ) ခင်ဗျားတို့ လုပ်ထားတဲ့ အာစိဏ္ဏကံတွေက အကျိုးမပေးနိုင်ဘူး။ နောက်ကျောရောက်နေတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘယ်ရောက်နေသလဲ . . . (နောက်ကျောရောက်နေပါတယ်)။

ခြံနောက်ကျော ရောက်နေတယ် . . . (မှန်ပါ့) အဲဒါ ဘာ့ကြောင့် ရောက်ရပါသတုံး ဆိုလို့ရှိရင် ခင်ဗျားတို့ကတဲ့ ဆရာသမားကောင်းကို မကိုးကွယ်ရ မဆည်းကပ်ရ အသွန်အသင် အဆုံးအမ မလိုက်နာရတော့ ကုဏ္ဍိစ္စ မလာစေနဲ့ဆိုတာ လာပစ်လိုက်တာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ကုဏ္ဍိစ္စမလာကောင်းဘူး၊ မလာကောင်းတာ ခင်ဗျားတို့က ဘာတုံး . . . (လာစေပါတယ်ဘုရား) လာတော့ သူက သေဝနဲ့ သွားနီးတယ် (မှန်ပါ့) မနီးဘူးလား (နီးပါတယ်ဘုရား)။

## ခြံပေါက်ဝနဲ့နီးတာ မလာစေနဲ့

နီးတော့ကိုတဲ့ သူကပဲ အကျိုးပေးပစ်လိုက်တယ် (မှန်ပါ့) သူက အရင်ထွက်ပြီး အကျိုးပေးပစ်လိုက်တယ် . . . (မှန်ပါ့) မဆိုးရွားဘူးလား . . . (ဆိုးရွားပါတယ်ဘုရား) တော်တော် ရှင်းပလား . . . (ရှင်းပါပြီဘုရား) သူ့ဥပမာနဲ့ သူ့ဥပမေယျနဲ့ သူ့အာသန္နကံဖြစ်ပုံနဲ့ဆိုတော့ ဦးသံဒိုင် ချောနေပြီ . . . (မှန်ပါ့) မချောသေးဘူးလား . . . (ချောပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကို ဒကာရင်း ဆရာရင်းတွေမို့ ဘုန်းကြီးက ဆုံးမတယ်၊ ခြံပေါက်ဝနဲ့နီးတာ မလာပါစေနဲ့ . . . (မှန်ပါ့ဘုရား)။

မဟုတ်ဘူးလား . . . (မှန်ပါ့) လာချင်လို့ရှိရင် ခင်ဗျားတို့ အာစိဏ္ဏကံလုပ်ထားတဲ့ ဖြစ်ပျက် ဝိပဿနာရှုလိုက် လာပါလိမ့်မယ် . . . (မှန်ပါ့)။

## ကောင်းတဲ့အာစိဏ္ဏကံကို အာသန္နကံဖြစ်အောင်လုပ်ပါ

လာပြန်တော့ အာစိဏ္ဏကံက အဲဒီအချိန်မှာ သေပေါက် သေဝကျအောင် ရှုနေလို့ရှိရင် သူက အာသန္နကံအဖြစ်နဲ့ အမှုထမ်းမယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

နဂိုကလဲ အာစိဏ္ဏကံ သေသည့်တိုင်အောင်လဲ ဒါကလေး ရှုနေတော့မယ်ဆိုတော့ သူက ဘာလာဖြစ်ပြန်သလဲ (အာသန္နကံလာပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် အာစိဏ္ဏကံသည်ပင်လျှင် (ဝါ) မပြတ်လေ့ကျင့်ထားတဲ့အလုပ်သည်ပင်လျှင် (ဝါ) မပြတ်ရှုထားတဲ့ အလုပ်သည်ပင်လျှင် သေခါနီးလဲရှုပါ (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဝေဒနာလာ ဝေဒနာရှုပေါ့ (မှန်ပါ့) အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ ဒီကံဟာ ဘာကံဆိုကြမတုံးလို့ မေးရင် ဘယ့်နှယ်ဆိုကြမတုံး . . . (အာသန္နကံပါဘုရား)။

## ဘာအကျိုးပေးမှာတုံး

နဂိုကလဲ အာစိဏ္ဏကံ၊ ယခုလာပြီး အမှုထမ်းပြန်တော့ အာသန္နကံဆိုတော့ သူက အရင်အကျိုးပေးလိမ့်မယ်၊ အကျိုးပေးတဲ့ အခါကျတော့ ဘာအကျိုးပေးမတုံး၊ ခုနင်ကလိုပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ဉာဏ်တွေအကျိုးပေးမယ် . . . (မှန်ပါ့)။

## မသေမည့်သူတစ်ယောက်မှမပါလို့

ဒါကြောင့် ဒီအရေးကို မနေ့က ဥပမာတစ်မျိုး ဝတ္ထုတစ်မျိုး ယနေ့ ဥပမာတစ်မျိုး ဝတ္ထုတစ်မျိုး (မှန်ပါ့) ဘာဖြစ်လို့ ဒီလောက်ထပ်ဟောရပါလိမ့်မတုံးဆိုတော့ အရေးကြီးလွန်းလို့ ခင်ဗျားတို့က မသေမည့်သူက တစ်ယောက်မှမပါလို့ . . . (မှန်ပါ့

ဘုရား) သဘောပါပလား . . . (ပါပါပြီ) သေခါနီးမှာလဲ သူက လာတတ်လွန်းလို့ . . . မကောင်းတဲ့ အာသန္နကံက မလာတတ်ဘူးလား (လာတတ်ပါတယ်ဘုရား)။

မကောင်းတဲ့ အာသန္နကံက လာတတ်ခြင်းကြောင့် ကောင်းတဲ့အာစိဏ္ဏကံကို အာသန္နကံဖြစ်အောင် လုပ်ပါလို့ တိုက်တွန်းလိုက်တယ် . . . (မှန်ပါ့ဘုရား)။

ကောင်းတဲ့ အာစိဏ္ဏကံကို အာသန္နကံဖြစ်အောင် လုပ်ရမယ်ဆိုတော့ ရပ်ကို ဘုန်းကြီးသင်ပါ့မယ် . . . (မှန်ပါ့)။

## အဖေကမုဆိုး သားကရဟန္တာ

သူ့သားက ရဟန်း၊ ဒကာကြီးက မုဆိုး . . . (မှန်ပါ့) သူ့အဖေက မုဆိုး၊ မုဆိုးဖြစ်ပြီးသကာလ နေတော့ ဒကာကြီး ကျုပ်ကလဲရဟန်း ခင်ဗျားကလဲမုဆိုးဆိုတော့ အချိုးတော့ မကျတာအမှန်ပဲ၊ ခင်ဗျားဒီအလုပ် မလုပ်ပါနဲ့ ကျုပ်ပဲ ဆွမ်းခံပြီး ကျွေးပါ့မယ်၊ ခင်ဗျားဒီအလုပ်တော့ မလုပ်ပါနဲ့ တားတယ် . . . (မှန်ပါ့)။

ဝါသနာကလဲထုံတယ်၊ ဖျက်လို့မရဘူး . . . မုဆိုးပဲ လုပ်စားတယ်၊ နည်းနည်းကလေး အသက်အရွယ်ကြီးလာတော့ သေခါနီးမှ ကျောင်းရောက်လာတယ်၊ မုဆိုး အလုပ်-မလုပ်နိုင်တဲ့အခါကျတော့ ကျောင်းရောက်လာတယ်၊ ကျောင်းရောက်လာတော့လဲ သေဖို့ရောက်လာတာ။

## ခွေးနက်ကြီးတွေလာဆွဲနေပြီ

ဒါနဲ့ အိပ်ရာညောင်စောင်းကလေးပေါ်မှာ ဝေဒနာခံရပြီး သကာလနေတယ်။ သူ့သားက အရှင်သောဏလို့ ခေါ်တယ်၊ မသေခင် သူ့ဟာက အာသန္နကံရောက်နေတယ်၊ မြင်နေရပြီ၊ သောဏ . . . ခွေးနက်ကြီးတွေ လာဆွဲနေပြီ ချောက်လှန့်ပေးစမ်းပါတဲ့ မသေခင်က မြင်နေရတယ်. . . (မှန်ပါ့)အာသန္နကံနှိပ်စက်တာ . . . (မှန်ပါ့)။

သူငယ်ငယ်က နဂိုကလုပ်ထားတာတွေက ကုဋ္ဌာစွသဘောနဲ့ သူက ငါမုဆိုးဆိုပြီး ငါအကုသိုလ်အလုပ်တွေ သိပ်များတာပဲ၊ များတယ်လို့ထင်တဲ့ အာသန္နကံက လာနေတော့ခွေးနက်ကြီးတွေ လာဆွဲနေတယ် သောဏရဲ့ မောင်းပေးစမ်းပါ၊ ဟိုငရဲမီးတွေ မြင်နေတယ်၊ အဲဒါ ကာကွယ်ပေးပါဦး . . . (မှန်ပါ့)။

## ငရဲဘုံသွားဖို့သေချာနေပြီ

ဟိုက ငရဲမီးတွေဆိုကတည်းက သွားရမှာ သေချာနေပြီဆိုကြပါစို့၊ ခွေးနက်ကြီးတွေဆိုကတည်းကလဲ ငရဲဘုံသွားဖို့သေချာနေပြီ . . . (မှန်ပါ့)။

သေချာနေတော့ သားကလဲ လိမ္မာရေးခြားရှိတဲ့သားဖြစ်နေတော့ ဩော် . . . ငါကဲ့သို့ သားကောင်းရတနာရှိပါ

လျှက်သွားနဲ့ ဒီဒကာကြီး အပါယ်သွားရမယ်ဆိုရင် မတော်သေးပါဘူးလို့ သူစိတ်ထဲ အောက်မေ့တယ် . . . (မှန်ပ့ါ)။

## ဒီပန်းတွေဘုရားလှူပါ၏

ဒါနဲ့ သူ ကိုရင်တွေကို ပန်းတွေ အချိုးခိုင်းလိုက်တယ် သူမြင်လောက်တဲ့နေရာမှာ သူ့အပေါ်ကနေဝဲပြီး ဒကာကြီး ဒီပန်းတွေ ဘုရားရည်မှန်းပြီးတော့ ပူဇော်စမ်းဗျာ၊ ကျုပ်တို့ အလွယ်တကူရတာ ခင်ဗျားပူဇော်စမ်း၊ ဘုရားလှူစမ်းပါ . . . ခင်ဗျားသဘောနဲ့ လှူပါ။

ဒါနဲ့ ဒီပန်းတွေ လှူပါ၏ပေ့ါလေ . . . (မှန်ပ့ါ) ဘုရားလှူပါ၏။ သူက အာသန္နကံဝင်ဖြစ်တယ်၊ လှူတဲ့ကုသိုလ် အာသန္နကံဝင်ဖြစ်တယ် . . . (မှန်ပ့ါ)။

## နတ်သမီးနိမိတ်တွေလာထင်တယ်

ဝင်ဖြစ်တော့ နိမိတ်က ပြောင်းဖြစ်တယ်၊ သောဏ မင့်အမေတွေ လာကုန်ပြီ၊ ငါ့ကို လာပြီးသကာလ ပြောနေကြတယ်ဆိုတော့ နတ်သမီးကလေးတွေက လာတယ်၊ နတ်သမီး နိမိတ်တွေ လာထင်တယ် . . . (မှန်ပ့ါ)။

အဲဒီတွင်မှ သားလုပ်တဲ့ပုဂ္ဂိုလ်က ဩော် . . . နိမိတ်ကောင်းပြီဆိုပြီးတော့ သေခွင့်ပြုလိုက်တာပေ့ါလေ (မှန်ပ့ါ) ဟိုကလဲ သေချိန်ရောက်နေပြီ။

## အာသန္နကံပြောင်းလို့ရတယ်

အာသန္နကံ ပြောင်းလို့ရတယ်လို့ မှတ်ရမယ် (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီ) ဒါဖြင့် ကုဗ္ဗလုစ္စ ပြောင်းမရဘူးလား ရသလား (ရပါတယ်ဘုရား) ရှင်းပြီနော် (ရှင်းပါပြီ)။

ကောင်းပြီ. . . ဒါဖြင့် အာသန္နကံဟာ ဒကာဒကာမတွေ ယနေ့ အထူးပြောလိုတာက ဩော် . . . ခပ်ဝေးဝေးကလဲ ပေါ် တတ်သကိုးလို့ မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြ မယ် . . . (ခပ်ဝေးဝေးကလဲ ပေါ်တတ်ပါတယ်) ခပ်ဝေးဝေး ဆိုတာ သေမှာနဲ့ ဝေးတုန်းကလဲ ပေါ်တတ်ပါတယ် . . . (မှန်ပါ့)။

သို့သော် အာသန္နကံတော့ အာသန္နကံပဲ သူ့အတွက်က နိမိတ်တွေက ဝင်လာတယ် (မှန်ပါ့) သူပြီး ရင်လဲ စုတိစိတ်ကျ တတ်တာ များတယ် (မှန်ပါ့ဘုရား) သို့သော် ပြောင်းရတဲ့ကိစ္စလဲ ရှိသေးတယ် (မှန်ပါ့)။

## သေခါနီးမှာ မိတ်ဆွေကောင်း အရေးကြီးတယ်

ဒါ့ကြောင့် ခင်ဗျားတို့ ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်း သေခါနီးမှာ အရေးကြီးတယ်ဆိုတာ ဒါပြော တာ. . . (မှန်ပါ့ဘုရား) ပြောင်းပေးတတ်တဲ့လူရှိဖို့ ပြောတာ . . . ရှင်းပလား (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့တော့ ဦးသန်းမောင်ကလဲ ဘယ်သေမှန်း မသိဘူး၊ ဘုန်းကြီးကလဲ ဘယ်သေမယ်မသိဘူး ဦးသံဒိုင်ကလဲ ဘယ်သေမယ်မသိဘူး၊ ဒကာဒကာမတွေကလဲ ဘယ်သေမှန်းမသိဘူး ...(မှန်လှပါ) တစ်ယောက်နဲ့ တစ်ယောက်တွေ့ဖို့ရာက အလွန်ကြုံကြိုက်ခဲတာပဲ (မှန်ပါ့)။

## ကိုယ့်ဟာကိုယ် ပြောင်းလို့ရတယ်

အဲဒီတော့ အခုပြောင်းနည်းကို ဘာလုပ်ပေးရသတုံး ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ) ကိုယ့်ဟာကိုယ် ပြောင်းယူကြ ...(မှန်ပါ့ဘုရား) ဘယ့်နှယ်တုံး (ကိုယ့်ဟာကိုယ်ပြောင်းယူကြ)။

ကိုယ့်ဟာကိုယ်ပြောင်းဆိုတာ အခု ဆရာသမားသင်ထားတဲ့ ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုပြီးပြောင်း ...(မှန်ပါ့) ဒီပြင်ဟာမပြောင်းနဲ့ (မှန်ပါ့) ဒီပြင်ဟာ လှူထားတဲ့စာဂါနုဿတိတွေ လျှောက်ပြောင်းမနေနဲ့ ပြောင်းရင် အောက်တန်းတရား သွားပြီး ဖြစ်လိမ့်မယ် ...(မှန်ပါ့ဘုရား) ရှင်းပြီနော် (မှန်ပါ့)။

ဒါဖြင့် ကုဏ္ဍလ္လသိမ်းဆည်းတတ်ပလားလို့ မေးလိမ့်မယ် ..(သိမ်းဆည်းတတ်ပါပြီ) မကောင်းတဲ့ ကုဏ္ဍလ္လဖြင့် မတွေ့ဘူးကွ ဆိုတဲ့ဥစ္စာ တွေးလုံးဘယ်အခါကာလမှ မတွေးစေနဲ့ ။

## တိဿရဟန်းကြီး

ဒါတော်တော် အရေးကြီးတဲ့ တရားလို့ ခင်ဗျားတို့က အောက်မေ့၊ အလွန်အရေးကြီးတဲ့တရား. . . (မှန်ပါ့) သေပေါက်သို့ ဝင်ချိန်မှ လာတာ . . . (မှန်ပါ့) မကောင်းတဲ့ကံက သေပေါက်သေဝနီးမှ လာတာကြည့်၊ တစ်ဝတ္ထုပြဦးမယ်၊ ဘုရားနဲ့အတူတူနေတဲ့ တိဿရဟန်းတစ်ပါးရှိတယ်၊ ဘုရားကျောင်းပေါ်မှာ ဇေတဝန်ကျောင်းမှာနေတယ်။

သူ့နှမက ဖျင်သင်္ကန်း အချောကလေး လာလှူတယ် . . . (မှန်ပါ့) ဘုရားလက်ထက်ကတော့ ဒီလိုစက်မှု ခေတ်မှ မဟုတ်ဘဲ လက်မှုခေတ်တွေကိုးဗျ (မှန်ပါ့) စက်မှုခေတ် မဟုတ်ဘူး၊ လက်မှုခေတ်ဖြစ်နေတော့ ချောချောကလေး ရက်နိုင်တယ်ဆိုရင်ပဲ အတော့ကို တော်နေတာ . . . (မှန်ပါ့)။

## သင်္ကန်းခွဲပြီး စုတိစိတ်ကျတယ်

အဲဒီတွင် ဒီသင်္ကန်းတော့ မနက်ကျမှ ရုံမယ် ငါ့နှမက သဒ္ဓါတရားနဲ့ လှူထားတယ်၊ ချောလဲချောတယ်၊ မနက်ဆွမ်းခံသွားရင်ရုံမယ်၊ ဒါကလေး သူစွဲနေတယ်။

ညကျတော့ အစာမကျေတဲ့ဝေဒနာဖြစ်လာပြီး မနက်မိုးမလင်းသေးဘူး၊ အဲဒီဝေဒနာနဲ့ သေသွားရှာတယ်။ ဒီသင်္ကန်းကလေး ငါမရုံရဘူးဆိုတဲ့ အာသန္နကံလာဖြစ်တယ်၊ အာသန္နကံ

ကုဋ္ဌာစ္ဆ . . . (မှန်ပါ့) ဖြတ်ဆို သက်န်းစွဲပြီး စုတိစိတ်ကျတယ် . . . ဦးသန်းမောင်သက်န်းပေါ်မှာပဲ သန်းကြီးသွားဖြစ်တယ် . . . (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီ)။

အာသန္နကံနိုပ်စက်တာ သက်န်းပေါ် ဘာသွားဖြစ်သလဲ (သန်းကြီးသွားဖြစ်တယ်)။

## သန်းကြီးသွားဖြစ်တယ်

သန်းကြီးသွားဖြစ်တယ်၊ ဒီသန်းကြီးက သူ့စိတ်ထဲ အောက်မေ့တယ်၊ ဒီသက်န်းကြီး ငါ့ဟာ ငါ့ဟာပေ့ါဗျာ၊ ဒါကလေး သူစိတ်စွဲပြီး သက်န်းပေါ် လျှောက်ပြေးနေတယ် . . . ဝူး-ဝူး-ဝူး-ဝူးနဲ့ (မှန်ပါ့)။

ဘုရားကတော့ ဒိဗ္ဗသောတ နားနဲ့ ထောင်လိုက်တော့ သန်းကြီး ဝူး-ဝူး-ဝူး-ဝူး ပြေးနေတာ ကြားတယ်၊ ခင်ဗျားတို့ ကျုပ်တို့တော့ ဘယ်ကြားမလဲ . . . (မှန်ပါ့) ဘုရားက ဇေတဝန် ကျောင်းက ကြားနေတယ် (မှန်ပါ့)။

## သက်န်းပေါ်လျှောက်ပြေးနေတယ်

ဘာသံပါလိမ့်မလဲ နားထောင်တော့ ဩော်-တိဿ သန်းဖြစ်နေပေါ့၊ ဒါကြောင့်မို့ သူ့သက်န်းပေါ် လျှောက်ပြေးနေ

တာကိုး . . . (မှန်ပါ့) ကဲ . . . ရိပ်မိပလား (ရိပ်မိပါပြီ) တိဿဘာဖြစ်သတုံး (သန်းဖြစ်နေပါတယ်)။

သန်းဖြစ်နေတော့ ရဟန်းတွေကလဲ တိဿကြီးတော့ သေပြီကွ၊ သူ့သင်္ကန်းကလေး ဒို့မဲချယူရလိမ့်မယ် . . . (မှန်ပါ့) ဘယ်သူ့မှလဲ မပေးခဲ့ဘဲကိုး၊ မပေးခဲ့တော့ သံဃိက သွားဖြစ်နေတယ်၊ သံဃိက သွားဖြစ်တော့ မဲကျရာ ကိုယ်တော်က ယူရမယ် . . . (မှန်ပါ့)။

သူ့အလောင်းကို သုသာန်ပို့ပြီး ကျန်တဲ့ပစ္စည်း မဲချယူရတယ် (မှန်ပါ့) ဘယ်သူ့မှ မအပ်ခဲ့ရင် ဒီလိုလုပ်ရမယ် (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးနေတော့ ရဟန်းတွေပြောသံကြားတော့ သူက သင်္ကန်းပေါ် လျှောက်နေပြီး ငါ့သင်္ကန်း ငါ့သင်္ကန်းနဲ့ လုပ်နေတာပဲ (မှန်ပါ့ဘုရား)။

အဲဒီတွင် ဘုရားက အင်း-တိဿကတော့ ရဟန်းတွေ ပြစ်မှားပြီး အဝီစိသွားဦးတော့မှာပဲ၊ ဒီအကောင်ခက်တယ်။

## ဘုရားကရဟန်းတွေခေါ်လိုက်တယ်

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတွေ ခေါ်လိုက်တယ်၊ ဟော့ မင်းတို့ မတသန္တက၊ မတ က သေတာ သန္တက ကဥစ္စာပစ္စည်း၊ သေတဲ့ပုဂ္ဂိုလ်၏ ပစ္စည်း ရဟန်းတွေ

ဆိုင်တယ်ဆိုတာ ငါခွင့်ပြုထားတာပဲ ဟုတ်တော့လဲ ဟုတ်တယ် သို့သော်ကွာ၊ ခုနစ်ရက်ဆိုင်းပါဦး၊ ခုနစ်ရက်ရှိမှ မင်းတို့မဲချယူတာပေါ့၊ သန်းအသက်က ခုနစ်ရက်ဆိုတာ အဲဒီကလာတာ (မှန်ပါ့ဘုရား)။

သူသေတော့မယ်၊ ခုနစ်ရက်အပြင် သူအသက်တရှည်တာမဟုတ်ဘူး (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီ) သန်းအသက်ဘယ်နှစ်ရက်တုံး (ခုနစ်ရက်ပါဘုရား)။

## သန်း၏အသက် (၇) ရက်

ခုနစ်ရက်ရှည်မှာများ ခေါင်းပေါ်တော့ မတုပ်ကြပါနဲ့ ဗျာ ခုနစ်ရက်ရှည်မှာ သူ့ဟာက၊ ဒီထက်လဲ ပိုမနေနိုင်ပါဘူး (မှန်ပါ့) အဲဒါ ခေါင်းပေါ် ခုနစ်ရက်အတွင်းပဲ စုတိ စိတ်ကျအောင်တော့ မလုပ်ပါနဲ့တော့ ရိပ်မိပလား (ရိပ်မိပါပြီ) သန်းအသက် ဘယ်နှစ်ရက်တဲ့ (ခုနစ်ရက်ပါဘုရား)။

ခုနစ်ရက်အတွင်းကိုပဲ ခင်ဗျားတို့က ယားလိုက်တာနဲ့ ဟိုက တုပ် ဒီကတုပ်နဲ့ သူ့ခမျာများ ဒုက္ခရောက်ကုန်ပြီ၊ အဲ - ခုနစ်ရက်စေ့မှ ဝေတော့မှ သူသန်းဘဝက ကျွတ်သွားတယ် (မှန်ပါ့) သန်းဘဝက ကျွတ်ပြီးသုဂတိတိုင်အောင် သံဃာများက ဆိုင်းတယ်၊ နို့မဟုတ်လျှင် သံဃာပြစ်မှားလို့ အပါယ်တစ်ခါ ထိုးကျဦးမှာ . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) ဒါဟာ

အာသန္နကံကုဋ္ဌစ္စ နှိပ်စက်တာ (မှန်ပါ့ဘုရား) အဲ - ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

အယသာဝ မလံ သမုဋ္ဌာယ၊
တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ၊
သာနိ ကမ္မာနိ နယန္တိဒုဂ္ဂတိံ။

(ဓမ္မပဒအဋ္ဌကထာ၊ ဒု - ၂၁၉က)

## သံကိုသံချေးက ဖျက်ပါတယ်

ဒီဥပမာကလေးကို တိဿအကြောင်းပြုပြီး ဟောတော်မူတယ် . . . (မှန်ပါ့) သံကို သံချေးက ဖျက်ပါတယ်ကွာ-တဲ့။ မဟုတ်ဘူးလား (မှန်ပါ့) အယသာ = သံမှ၊ မလံ = အညစ်အကြေးသည် သံချေးသည်၊ သမုဋ္ဌာယ = ထ၍လည်းကောင်း၊ တတုဋ္ဌာယ = ထိုထိုအရပ်မှထ၍လည်းကောင်း၊ တမေဝ = ထိုသံကိုသာလျှင်၊ ခါဒတိဣဝ = ပြန်စားသကဲ့သို့၊ သံချေးက သံကို ပြန်စားလိုက်တယ် (မှန်ပါ့) ဧဝံတထာ = ထို့အတူ အတိဓောနစာရိနံ = အာမိသအမွေ-အမွေရတဲ့အမွေ ဖြစ်စေ၊ ဘုရားပေးတဲ့ အမွေဖြစ်စေ လောဘနဲ့စားသောက်သုံးဆောင်လို့ရှိရင်ဖြင့် . . . တဲ့၊ သူကပြန်ပြီးသကာလ သံချေးလုပ်ပြီးတော့ ဒီပုဂ္ဂိုလ်ကိုပဲ အပါယ်ရောက်အောင် နှိပ်စက်တယ် (မှန်ပါ့)။

## အမွေလုတဲ့ပုဂ္ဂိုလ်တွေ

ခင်ဗျားတို့ အမွေလုတဲ့ ပုဂ္ဂိုလ်များ အခုပြောရပြီ (မှန်ပါ့) ရတဲ့အမွေက ကိုယ့်နှိပ်စက်မယ်ကွ (မှန်ပါ့) သံချေးက သံကို နှိပ်စက်မယ်တဲ့၊ သဘောပါပလား (ပါပါတယ်)။ ဒီကိုယ်တော်မှာ သူ့သက်န်းက သူ့ကိုနှိပ်စက်လို့ သန်းဖြစ်ရတယ် . . . (မှန်ပါ့ဘုရား) ဘယ်သူက နှိပ်စက်တာတုံး . . . (သူ့သက်န်းက သူ့နှိပ်စက်တာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ဆုံးမလိုက်တယ်၊ ဒီအဝတ်ကလေးတော့ မဝတ်သေးဘူးကွ အကြောင်းရှိမှ ဝတ်မယ်ဆိုပြီး သေတ္တာထဲသိမ်းထားလိုက်တယ် အကြောင်းမရှိခင် သေသွားလို့ရှိရင် ဒီအဝတ်ကလေး မဝတ်ရသေးလို့ရှိရင် သန်းဖြစ်ဦးမှာပဲ . . . (မှန်ပါ့ဘုရား) ကြောက်စရာကြီးဗျ၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ကိုယ့်ပစ္စည်းက ကိုယ်ကိုနှိပ်စက်တယ်

ဒါဖြင့် ကိုယ့်ပစ္စည်း ကိုယ့်ကိုယ်နှိပ်စက်တယ် . . . (မှန်လှပါ) ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လူမိုက်ပစ္စည်းရှိတာတော့ကွာ အလွန်ကြောက်စရာကောင်းပါတယ် (မှန်ပါ့) ဘယ်လို ပြောလိုက်သတုံး (လူမိုက်ပစ္စည်းရှိတာ အလွန်ကြောက်စရာကောင်းပါတယ်)။

လူမိုက်ပစ္စည်းရှိတာ သိပ်ကြောက်စရာကောင်းတယ်ကွ -တဲ့ မရှိဘဲနေတာက တော်လိမ့်ဦးမယ်တဲ့၊ သူ့ဆီရှိလို့ရှိရင်ဖြင့် တဲ့။ သူ့မြွေက သူ့ကိုက်လိမ့်မယ်တဲ့၊ (မှန်လှပါ) သူ့မြွေက (သူ့ ကိုက်ပါလိမ့်မယ်) အဲ. . . ဒီအတိုင်းပဲ တဲ့။

ဟနန္တိဘောဂါဒုမ္မေဓံ၊
နောစ ပါရဂဝေသိနော။
ဘောဂ တဏှာယ ဒုမ္မေဓော၊
ဟန္တိအညေဝ အတ္တနံ။

ဒါလဲ ဓမ္မပဒမှာ ဘုရားဟောတာပဲ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

## အလုပ်ထဲသွင်းကြစို့ရဲ့

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ကုဏ္ဍစ္စနဲ့ပတ်သက်ပြီး ယခုပြောလိုက်တဲ့ ဝတ္ထုတွေလဲ တော်တော် များသွားပြီ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အလုပ်ထဲသွင်းကြစို့ရဲ့ . . . (မှန်ပါ့ဘုရား) ဦးသန်းမောင်ကဖြစ်စေ၊ ဦးသံဒိုင်ကဖြစ်စေ၊ မောင်သစ်ကဖြစ်စေ၊ မတွေးကောင်းတာကလေးတွေ ငယ်ငယ်တုန်းက ပုရွက်ဆိတ် ကလေးတွေ ပွတ်ချေခဲ့တာ ကလေးတွေ အင်း. . . ဟင်. . . သားကောင်ကလေးတွေ သားရေခွကလေးနဲ့ ပစ်ခဲ့တာကလေး

တွေ၊ ကလေးတုန်းက ကစားချင်သလို ကစားတာကိုးဗျ၊ ငယ်ငယ် တုန်းကလေ . . . (မှန်ပါ့ဘုရား)။

## အကုသိုလ်အဟောင်းတွေ ပြန်မတွေးနဲ့

ဒါတွေဟာ ဘာမှမဖြစ်လောက်ဘူး . . . (မှန်ပါ့) မိုက်တုန်းက ဒီလိုလုပ်ခဲ့တယ်ဆိုတာ မလာဘူးလား . . . (လာပါ တယ်ဘုရား) ကိုယ်လုပ်နေလဲ ဖြစ်ပျက်သာ တည့်အောင်လုပ်ပေး ဘာမှမတွေးနဲ့ တွေးရင် ကုက္ကုစ္စဖြစ်တယ် . . . (မှန်ပါ့ဘုရား) ကုက္ကုစ္စဖြစ်ရင် အပါယ်ချမယ် . . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့သည် အဲဒီဥစ္စာ အဟောင်းက အသစ်ပြန်ဖြစ်ပြီး သကာလ ခင်ဗျားတို့လောင်တဲ့ မီးပဲ . . . (မှန် လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား) အဟောင်းက . . . (အသစ်ပြန်ဖြစ်ပြီး လောင်တဲ့မီးပါဘုရား)။

အဟောင်းက အသစ်ဖြစ်ပြီး ခင်ဗျားပြန်နှိပ်စက်တယ်။ (မှန်ပါ့ဘုရား) သဘောပါပြီလား (ပါပါပြီဘုရား) ဒါဖြင့် အဟောင်းဖြစ်တဲ့ အကုသိုလ်တွေကို မတွေးပါနဲ့ . . . (မတွေး ပါဘုရား) ဘယ်သူဖြစ်ဖြစ် ငယ်ရွယ်ကလေးက လိမ္မာလာတဲ့လူ ဆိုတာတော့ ရှာမှရှားပါတယ်။ (မှန်ပါ့) မူးခဲ့တယ် မိုက်ခဲ့တယ်၊ ရူးခဲ့တယ်၊ လိမ်ခဲ့တယ်၊ ကောက်ခဲ့တယ်၊ ကျစ်ခဲ့တယ်၊ အမေမိဘ ညှဉ်းဆဲခဲ့တယ် ရှိတာချည်းပဲ . . . (မှန်ပါ့)။

မတွေးရဘူး ဒါတွေမတွေးနဲ့ . . . (မှန်ပါ) အခု ပစ္စုပ္ပန် ခန္ဓာကိုယ်သာတွေး၊ ပစ္စုပ္ပန်ခန္ဓာ ဘာဖြစ်နေသတုံးလို့ ဒုက္ခသစ္စာ သာတွေး (မှန်လှပါဘုရား) တွေးလိုက်ရင် ဟိုဟာတွေ အကုန် ပျောက်သွားတယ် (မှန်ပါ) အကျိုးပေးခွင့်မရဘူး (မှန်ပါ)။

## အဟောင်းကအသစ်ဖြစ်ပြီး ကိုယ့်ပြန်နှိပ်စက်

နို့မဟုတ်ရင် အဟောင်းက အသစ်ပြန်ဖြစ်ပြီး ကိုယ့်ပဲ ပြန်နှိပ်စက်တယ် (မှန်ပါ့ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီ) ဒါဖြင့် ဒီအထဲမေးလိုက်ပါတယ်၊ အဟောင်း အကုသိုလ်မရှိတဲ့ ပုဂ္ဂိုလ် များ ပါကြရဲ့လားမေးရင် ဘယ့်နှယ်ဖြေမလဲ (မပါပါဘုရား) တွေး လိုက်ရင် ဘာဖြစ်မယ်ထင်ကြသလဲ (ကုက္ကုစ္စဖြစ်ပါမယ်)။

အသစ်ပြန်ဖြစ်မယ် (မှန်ပါ) အသစ်ပြန်ဖြစ်ပြီး သူက ဇောပြန်စောသွားမယ် . . . (မှန်ပါ့ဘုရား) ရှင်းပြီနော် (ရှင်းပါပြီ)။

သူက ဇောပြန်စောတော့ ကျုပ်တို့ ကြောက်စရာမ ကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား) သူ့ဇောက ပထမ ဇောက ဒိဋ္ဌဓမ္မဝေဒနီယကံ မဟုတ်ဘူးလား . . . (မှန်ပါ) အလယ်ဇောငါးချက်က အပရာပရိယ ဝေဒနီယကံ၊ သတ္တမဇော က ဥပပဇ္ဇ ဝေဒနီယကံဆိုပြီး အံမာ သူက ကံသုံးမျိုးခွဲပြီး ခင်ဗျား တို့ကို အကျိုးပေးမလို့ . . . (မှန်ပါ)။

## အခုပေါ်တဲ့စိတ်ရဲ့ဖြစ်ပျက်ကို နောက်ဉာဏ်နဲ့ရှု

ခင်ဗျားတို့အတွေးလွဲလို့ (မှန်ပါ) မတွေးကောင်းတာ တွေးတဲ့အတွက် အဖြစ်ဆိုးကြုံရတယ် . . . (မှန်ပါဘုရား) ဘယ်နှယ်ပါလိမ့် (မတွေးကောင်းတာ တွေးလို့ အဖြစ်ဆိုးကြုံရပါတယ်ဘုရား) မတွေးကောင်းတာတွေးလို့ အဖြစ်ဆိုးကြုံရတယ် ဆိုသဖြင့် အကယ်၍ ပေါ်လာလို့ရှိရင် အဲဒါကိုလည်း အခုပေါ်တဲ့စိတ်ရဲ့ ဖြစ်ပျက်ကို နောက်ဉာဏ်နဲ့ရှုပါ . . . (မှန်ပါဘုရား)။

ပေါ်လာရင် (ဖြစ်ပျက်ရှုပါ) ဖြစ်ပျက်ရှုရမယ်၊ ဘယ်သူ့ ရှုမရလဲ (ပေါ်လာတဲ့စိတ်ကို ရှုရပါမယ်) ခုနင်က တွေးစိတ် ကလေးရှု၊ ကုက္ကုစ္စကလေးကို ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တော့ သူသည် ကုက္ကုစ္စလား အနိစ္စလား . . . (အနိစ္စပါဘုရား)။

## သူက အနိစ္စ၊ ရှုတာမဂ္ဂ

ဟ. . . သူက အနိစ္စဆိုရင် ရှုတာ မဂ္ဂဖြစ်ရမယ် . . . (မှန်ပါ) အဲဒီတော့ကို သူ့ကို အနိစ္စဘက်ကို ပြောင်းဖြစ်အောင် ပြောင်းပါ (မှန်ပါဘုရား) သဘောပါပလား (ပါပါပြီ)။

မလ္လိကာတို့ ဒီလိုမပြောင်းနိုင်လို့ အဝီစိကျတယ် (မှန်ပါ) တိဿရဟန်းကြီး ဒီလိုမပြောင်းနိုင်လို့ (သန်းဖြစ်ရတယ်)။ အဲ သန်းဖြစ်ရတယ်၊ တိရစ္ဆာန်ဖြစ်သွားတယ် . . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

## ဒါဟာအရေးကြီးတဲ့ အဆုံးအမတွေ

ကောင်းပြီ-တဲ့၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို ယနေ့အရေးကြီးတဲ့ အဆုံးအမတွေကို ဆုံးမနေရတယ်ဆိုတာ ဦးသံဒိုင်ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ကုက္ကုစ္စကို မတွေ့ရဘူးလား တွေ့ရမှာလား (တွေ့ရမှာ ပါဘုရား) တွေ့ရမှာတဲ့ တွေ့ရမှာ။ အဲဒီတော့ တွေ့လို့ရှိရင်ဖြင့် သူပေါ်ချင်လည်း ပေါ်လာဒလိမ့်မယ်။ (မှန်ပါ့) ပေါ်လာလို့ရှိရင်လဲ မပေါ်အောင်နေမယ်၊ အလုပ်ကို ဆက်လုပ်နေရင် မပေါ်ပါဘူး။

ဟာ. . . ဒီဥစ္စာ အလုပ်ဆက်မလုပ်ဖြစ်လို့ သူက ကြားခုတယ်ဆိုရင်လဲ ကြားခုတာ ဖြစ်ပျက်ရှုတာပေါ့ (မှန်ပါ့) ကြားခုတဲ့ ကုက္ကုစ္စကို (ဖြစ်ပျက်ရှုပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့် သူက အနိစ္စဟုတ်လား . . . (မှန်ပါ့) ဖြစ်ပျက်ရှုတာက (မဂ္ဂပါဘုရား) မဂ္ဂဆိုတော့ အာသန္နကံသည်ကား ဆိုလို့ရှိရင်ဖြင့်. . . တဲ့၊ သူက အာသန္နကံ ဇောစောမလို့ လာတဲ့ဥစ္စာ ကျုပ်တို့က သူ့ကို အနိစ္စသဘော လုပ်ပစ်လိုက်တာ (မှန်ပါ့ဘုရား) ဘာဇောလုပ်ပစ်လိုက်သလဲ (အနိစ္စဇောလုပ်ပစ်လိုက်ပါတယ်) အနိစ္စဇောလုပ်ပစ်လိုက်တဲ့ အခါကျတော့ ကျုပ်တို့မှာ သူ့ကြောင့်သူ့နောက်ကနေပြီး မဂ်ဇော

ပြန်စောတယ် . . . (မှန်ပါ့ဘုရား) ရှင်းရဲ့လား . . . (ရှင်းပါတယ်) သူက အနိစ္စရှုတဲ့ ဇောက မဂ္ဂ (မှန်ပါ့)။

## တွေးလုံးကလေးက အနိစ္စ၊ ရှုတဲ့ဇောကမဂ္ဂ

သူက (အနိစ္စပါဘုရား) အေး. . . ခုနင်က မကောင်းတဲ့ တွေးလုံးကလေးက အနိစ္စပဲ၊ ကျုပ်က နောက်ရှုတဲ့ဇောက (မဂ္ဂပါဘုရား)။ ဒီလိုဆိုတော့ သေပေါက်သေဝနဲ့ တစ်ခါ ဘယ်သူက နိုးသွားပြန်သတုံးဆိုတော့ မဂ္ဂကနိုးသွားတယ် . . . (မှန်ပါ့) သူက နိုးသေးရဲ့လား . . . (မနိုးပါဘုရား)။

ဒါကလေးကိုလဲ သေသေချာချာမှတ်ပါ . . . (မှန်ပါ့) သူက ငါအာသန္နကံလုပ်မယ်ဆိုပြီး လာတယ် (မှန်ပါ့ဘုရား)။

ကျုပ်တို့က ဟင် . . . မင်း အာသန္နကံလုပ်တာ မခံနိုင်ဘူး ဒို့ အာသန္နကံက မဂ္ဂဖြစ်အောင် လုပ်မယ် (မှန်ပါ့) ဆိုပြီး သကာလ သူ့ကို ဖြစ်ပျက်ရှုလိုက်တော့ ကျုပ်တို့က မဂ်ဇောစောတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မဂ်ဇောစောတဲ့အတွက် . . . တဲ့၊ မဂ်ဇောက အခု သုဂတိနေလို့ရှိရင်လဲ နိဗ္ဗာန်ဆောင်မှာပဲ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ)။

အခု ကျုပ်တို့ သုဂတိနေတယ် (မှန်ပါ့) မဂ်ဇောစောရင် ဘယ်ဆောင်မလဲ . . . (နိဗ္ဗာန်ဆောင်ပါတယ်)။

## အာသန္နကံ၊ လဲလျောင်တဲ့နည်း

ဒါ အာသန္နကံ လဲလျှယ်တဲ့နည်းကို ဟောတယ်. . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဘာဟောသတုံး (အာသန္နကံ လဲလှည်တဲ့နည်းပါဘုရား)။

ဟို အာသန္နကံနဲ့ဆိုရင် သွားပြီ ခင်ဗျားတို့ . . . (မှန်ပါ့ဘုရား) အခု မဂ်အာသန္နကံနဲ့ဆိုတော့ မသွားဘူး . . . (မသွားပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးသန်းမောင် ဘယ်ကံကြိုက်သတုံး၊ အကုသိုလ် အာသန္နကံကြိုက်သလား . . . မဂ် အာသန္နကံ ကြိုက်သလား (မဂ် အာသန္နကံ ကြိုက်ပါတယ်ဘုရား)။

## သတိထား ဝီရိယစိုက်ပညာနဲ့ရှု

မဂ် အာသန္နကံ ကြိုက်လို့ရှိရင်ဖြင့် အာသန္နကံသည် သူ့ဝင်လာလို့ရှိရင် ကျုပ်တို့က သတိထား ဝီရိယစိုက် ပညာနဲ့ရှု (မှန်ပါ့ဘုရား) သတိထား ဝီရိယစိုက် . . . (ပညာနဲ့ရှုရပါ့မယ် ဘုရား) ပညာနဲ့ ရှုလိုက်တော့ ကျုပ်တို့က မဂ်ဇောလာဖြစ်တယ် (မှန်ပါ့ဘုရား)။

ဒါကြောင့် သေပေါက်သေဝနဲ့ ဘယ်သူနီးသတုံး ဆို တော့ ကုက္ကုစ္စက နီးသလား၊ မဂ်ဇောကနီးသလား . . . (မဂ်ဇော ကနီးပါတယ်ဘုရား)။